# အနန္တမေတ္တာ

## Not a Problem!

အသည်းတထိတ်ထိတ်နှင့် လှုပ်ရှားခဲ့ရသော နေ့ရှည်ကြီးတစ်နေ့၏ ကုန်ဆုံးချိန်ဖြစ်ပါသည်။ ကျွန်မ၏ခင်ပွန်းမှာ အလုပ်ကိစ္စဖြင့်အဝေးသို့ခရီးထွက်နေသည်မှာ သုံးပတ်ခန့်ရှိပေပြီ။ ၈နှစ်သားအရွယ်ကလေးနှင့် ၂လသားအရွယ် ကလေးငယ်ကို ကျွန်မတစ်ဦးတည်း ထိန်းသိမ်းစောင့်ရှောက်ရခြင်းကား ကျွန်မအတွက် အားထည့်ဆောင်ရွက်ရမည့် အတွေ့အကြုံသစ်တစ်ခုဖြစ်ပေသည်။ ကျွန်မ၏ လသားကလေးငယ် တအီအီငိုနေပြီး၊ တော်တော်နှင့် မအိပ်နိုင်သောအခါ ကျွန်မတစ်ရေးတစ်မော လိုက်အိပ်ပြစ်လိုက်ရန် မျှော်လင့်မိသည်။ အတန်ကြာသောအခါ သူသည် အပူရှိန်မြင့်တက်လာပြီး အန်ပါတော့သည်။ နောက်ထပ် ၂နာရီခန့် သူ့ကိုချော့မော့၍ ငြိမ်သက်သွားစေရန် ကြိုးပမ်းရသည်။

နောက်ဆုံးတွင် သူလည်း အိပ်ပျော်ကာနီးဖြစ်လာသည်။ ကျွန်မလည်း တစ်ရေးတမောတော့ အိပ်ရပေလိမ့်မည်။ ကျွန်မအိပ်ရာထဲဝင်ပြီး လှဲမည်ကြံရုံရှိသေးသည်။ သားကလေးက အန်ပြန်ပါတော့သည်။ ထပြီး သူ့ကိုအဝတ်လဲ၊ သန့်ရှင်းရေးလုပ်ပေးရသည်။ သန့်ရှင်းရေးလုပ်၍မှ မပြီးခင်တွင်ပင် ကျွန်မအပေါ်ကို အန်ချလိုက်ပါတော့သည်။ ထို့ကြောင့် အဝတ်လဲ၊ သန့်ရှင်းရေးလုပ်ခြင်းကို စတုတ္ထအကြိမ်မြောက်အဖြစ် အချိန်အတော်ယူ၍ ပြုလုပ်ပေးခဲ့ရပြန်သည်။

ထိုနောက်တွင်မူ သားငယ်က အေးချမ်းစွာ အိပ်စက်သွားပါတော့သည်။ သူအိပ်ပျော်နေသည်ကို ကျွန်မလှဲပြီး ကြည့်နေရင်းကပင် ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောင်းတွေးကြည့်ခဲ့မိသည်။ သူက အကြိမ်ကြိမ်အခါခါ ညစ်ပတ်ပေလူးနေသည့်တိုင် သူ့အား ကျွန်မသန့်ရှင်းဆေးကြောပေးခဲ့ရသည်ကို မည်သို့မျှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့မိပေ။ အနည်းငယ်ကလေးမျှပင် သူ့အပေါ် ငြိုငြင်မှုမရှိခဲ့မိပေ။ သူ၏ အညစ်အကြေးများကိုလည်း ကျွန်မ ရွံရှာခြင်း အလျဉ်းမရှိခဲ့ကြောင်း တွေးကြည့်နေမိသည်။ အပြန်အလှန်အားဖြင့်ဆိုရပါမူ သူ့အား ကျွန်မ၏ ရင်ခွင်ထဲတွင် ထွေးပွေ့ထားရန် သူ့ကို ကြည့်ရှုစောင့်ရှောက်ရန်နှင့် သူ့အနေဖြင့် ဘေးကင်းလုံခြုံမှုနှင့် ချစ်ခြင်းမေတ္တာကို ရရှိခံစားစေရန် ချစ်ခြင်းမေတ္တာက ကျွန်မအား စေ့ဆော်တိုက်တွန်းနေသောကြောင့်ပင် ဖြစ်ပါသည်။

ဂျီးဆက်သည်လည်း ကျွန်မတို့နှင့်အတူ ဤအဖြစ်မျိုးနှင့် မည်မျှတူညီလိုက်ပါသနည်းဟု ကျွန်မတွေးခဲ့မိသည်။ ကျွန်မတို့ အကြိမ်ပေါင်းထောင်သောင်းချီ၍ ရှုတ်ထွေးညစ်ပတ်ပေကျံနေသည်ကို ဂရုမထားဘဲ ကျွန်မတို့နှင့်အတူ သူအမြဲရှိနေသည်။ ကျွန်မတို့ကို ပွေ့ချီရန် သန့်ရှင်းဆေးကြောပေးရန်၊ ကျွန်မတို့အနေဖြင့် ဘေးကင်းလုံခြုံမှုနှင့် ချစ်ခြင်းမေတ္တာတော်ကို ရရှိခံစားနိုင်စေရန် သူအမြဲတမ်း အဆင်သင့်ရှိနေပေသည်။ ကျွန်မတို့၏ ဒုစရိုက်မှုများနှင့် ချွတ်ယွင်းချက်များ မည်မျှပင်များပြားနေပါစေ ကျွန်မတို့အပေါ်တွင် ထားရှိသော သူ၏ချစ်ခြင်းမေတ္တာမှာ မည်သည့်အခါတွင်မျှ မှေးမှိန်ပျောက်ကွယ်သွားသည် မရှိပါချေ။ ကျွန်မတို့ အကူအညီတောင်းခံသည့်အခါတိုင်း ကျွန်မတို့အတွက် သူအမြဲတမ်း ရောက်လာတတ်ပါသည်။ ကျွန်မတို့၏ အားနည်းချက်များကို နားလည်သဘောပေါက်ပြီး ကျွန်မတို့အပေါ်တွင် မည်သည့်နည်းနှင့်မဆို ချစ်မြတ်နိုးမြဲဖြစ်ပါသည်။ မည်သည့်အရာကမျှ သူ၏ချစ်ခြင်းမေတ္တာအား ကျွန်မတို့နှင့် ခွဲခြားနိုင်စွမ်းမရှိပါချေ။ ဂျေးဆက်သည် ကျွန်မတို့ တစ်ဦးချင်းစီအပေါ် အကြွင်းမဲ့မေတ္တာထားသည်ကို ကျွန်မအကြိမ်ပေါင်းများစွာ ကြားဖူးခဲ့ပါသည်။ သို့ရာတွင် ထိုချစ်ခြင်းမေတ္တာသည် မည်မျှစစ်မှန်နက်နဲပြီး ထာဝရတည်တံ့ကြောင်း ကျွန်မနားလည်သဘောပေါက်စေသူမှာကား ၂လသားအရွယ် သားငယ်လေးပင် ဖြစ်ပါတော့သည်။

(အင်ဂျလာ ဟာနန်ဒက်ဇ်)

(By. Angela Hernandez)

# ဘုရားသခင်

## God Never Stops Loving You!

ဘုရားသခင်သည် မည်သို့သော ပုံပန်းသဏ္ဍာန်ရှိ၍ မည်သည့်အရာနှင့် တူပါသနည်း။ ဘုရားသခင်သည် အားလုံးကို သိမြင်သောမျက်လုံးများနှင့် တုတ်ကြီးတစ်ချောင်းကို ကိုင်ဆောင်ပြီး သူတို့အား ရိုက်ပုတ်ပြင်နေသော ရက်စက်ကြမ်းကြုတ်ကာ ဒေါသကြီးသော သူတို့အား ငရဲသို့ပို့မည်ဟု ခြိမ်းခြောက်လေ့ရှိသော ဘုရားပမာ၊ အချို့သူများက ပုံဖော်ကြသည်။ စင်စစ်သော်ကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။ သူသည် လူတိုင်းအား နိဗ္ဗာန်ဘုံကိုချစ်မြတ်နိုးတတ်ရန် ကြိုးပမ်းနေသော ချစ်တတ်သည့် ဘုရားသခင်ဖြစ်ပါသည်။ သူသည် အလွန်နီးကပ်သော အလွန်အတွင်းကျသော အလွန်ပုဂ္ဂိုလ်ရေးဆန်သော၊ အလွန်ချစ်တတ်သော၊ အလွန်ကြင်နာသော၊ အလွန်နူးညံ့သိမ့်မွေ့သော၊ အလွန်ပူပန်တတ်သော၊ ရင်ဖွင့်၍စောင့်ကြိုလင့်နေသော ဘုရားသခင်ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ဝန်းကျင်တွင် လှည့်လည်လိုက်ပါနေရခြင်း၏ တစ်ခုတည်းသော အကြောင်းအရင်းမှာ ကျွန်ုပ်တို့က သူ့ထံသို့ပြန်လှည့်ကာ ရင်ဖွင့်၍ သူ့ကိုကြိုစေလိုသော မျှော်လင့်ချက်ပင်ဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သည့်အခါမျှ ငြင်းပယ်ခြင်းမရှိသကဲ့သို့ သူ၏ချစ်ခြင်းမေတ္တာတော်ကိုလည်း မည်သည့်အခါတွင်မျှ ကျွန်ုပ်တို့ထံမှ နှုတ်ပယ်ရုပ်သိမ်းခြင်း မရှိပါချေ။ ကျွန်ုပ်တို့အနေဖြင့် မည်မျှပင်အလှမ်းကွာဝေးစွာ မျက်စေ့လည်လမ်းမှားနေပါစေ သူ့တွင် ကျွန်ုပ်တို့အတွက် မျှော်လင့်ချက်ရှိနေပါသည်။ သို့ဖြစ်၍ သင်သည် ဘုရားသခင်နှင့် အလှမ်းကွာဝေးနေသည်ဟု ခံစားမိပါလျှင် သင်သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် ခွင့်လွှတ်မှုကို လက်ခံရယူရန် သင့်နှလုံးသားကို ဖွင့်မထားသောကြောင့်ပင် ဖြစ်ပါသည်။ သင်၏အမှားများ၊ အပြစ်များအတွက် ပြစ်တင်ရှုတ်ချခံရသည်ဟု ဆက်လက်ယူဆရန် မလိုတော့ပါ။ စိတ်မကောင်းဖြစ်ရုံမျှသာ လိုပါသည်။ ဘုရားသခင်ထံတွင် ခွင့်လွှတ်မှုကို

တောင်းဆိုပါ။ ဘုရားသခင်၏ ခွင့်လွှတ်မှုကိုခံယူပါ။

သင်သည် ဘုရားသခင်၏ လမ်းစဉ်အတိုင်း စတင်လျှောက်လှမ်းမည်ဆိုပါလျှင် ဘုရားသခင်ထံသို့ ရှေ့ရှု၍ သင်၏အိမ်ပြန်လမ်းကို စတင်ကြိုးစား ရှာဖွေတော့မည်ဆိုပါလျှင် အဘဘုရားသခင်သည် သင့်ထံသို့အပြေးလာ၍ သူ၏ချစ်ခြင်းမေတ္တာ ရင်ခွင်ဖြင့် သင့်ကိုထွေးပွေ့ပါလိမ့်မည်။

(ဒေးဗစ် ဘရင်း ဘာ့ဂ်)
(By. David Brandt Berg)